# စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် စားသုံးသူပြည်သူများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းသော အစားအသောက်များ စားသုံးနိုင်စေရန်အတွက် စားသောက်ကုန်များကို ဈေးကွက်မတင်မီစိစစ်ခြင်း၊ ဈေးကွက်တင်ပြီးနောက် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းစသည့် အစားအသောက်ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မှုများအား အစဉ်တစိုက် ကြိုတင်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူပြည်သူအများအဖို့ စားသောက်ကုန်များကို ယုံကြည်စိတ်ချစွာ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရန်အတွက် **"အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်"** အား မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည့်အပြင် စားသောက်ကုန်များ၏ အမှတ်တံဆိပ်များပေါ်တွင် **စားသောက်ကုန် သတ်မှတ်နံပါတ် (Food Product Code)** များ ဖော်ပြနိုင်ရေးအတွက် **စားသောက်ကုန် မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို လျှောက်ထားနိုင်ရန် ဖြစ်ပါသည်။

ဈေးကွက်အတွင်းရှိ အသင့်ထုပ်ပိုးထားသောအစားအသောက်များအားလုံးကို **စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** လျှောက်ထားစေခြင်းအားဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်မည့် **စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)** တစ်ခု သတ်သတ်မှတ်မှတ် ရရှိသွားမည်ဖြစ်၍ အဆိုပါ သတ်မှတ်နံပါတ်ကို စားသောက်ကုန်အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြခြင်းဖြင့် စားသုံးသူများသည် စားသောက်ကုန်အမှတ်တံဆိပ်ပေါ်တွင် ယင်းသတ်မှတ်နံပါတ်ကို လွယ်ကူစွာတွေ့ရှိနိုင်မည်ဖြစ်သောကြောင့် အစားအသောက်အခြေအနေကို စိစစ်သိရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များအား ရွေးချယ်ဝယ်ယူစားသုံးနိုင်မည်ဖြစ်ပါသည်။

စားသောက်ကုန်လုပ်ငန်းများအနေဖြင့်လည်း အမှတ်တံဆိပ်ပေါ်တွင် **စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)** ပါရှိသည့်အတွက် မိမိထုတ်ကုန်အား စားသုံးသူမှသိရှိလွယ်ပြီး မှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ဂုဏ်သတင်းမြှင့်တင်နိုင်ခြင်း (Business Opportunity) နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်သောအခါ ပိုမိုအဆင်ပြေချောမွေ့လွယ်ကူစေခြင်း၊ အဆင့်ဆင့်သော အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများအနေဖြင့်

အသင့်ထုပ်ပိုးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်မှုကို နောက်ကြောင်းပြန်ခြေရာခံ (Traceability) နိုင်ခြင်း၊ ထုတ်လုပ်/ ဖြန့်ဖြူးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်နိုင်ချေ (Risk) ရှိလျှင်လည်း လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်းစနစ် (Food Product Notification System)** ကို ပညာပေးကာလတွင် ဆန္ဒအလျောက် လျှောက်ထားဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ပညာပေးကာလ ပြီးဆုံးပြီးနောက် ပြုပြင်တည့်မတ်ကာလသတ်မှတ်ပြီး **"အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်"** ဖြင့် ချိတ်ဆက်၍ ဥပဒေနှင့်အညီ အရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** လျှောက်ထားရာတွင်-

(၁) အစားအသောက်အမျိုးအစား၊

(၂) အမှတ်တံဆိပ်၊

(၃) အသားတင်အလေးချိန်/ ပမာဏ၊

(၄) ထုပ်ပိုးအရွယ်အစားနှင့် ထုပ်ပိုးပစ္စည်းအမျိုးအစား၊

(၅) ထုတ်လုပ်သည့် လုပ်ငန်းအမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်၊

(၆) ထုတ်လုပ်သည့်နိုင်ငံ၊

(၇) အခြားသက်ဆိုင်ရာအဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက်တို့အား ဖြည့်သွင်းပြီး ထုတ်ကုန်၏ အမှတ်တံဆိပ်ဓာတ်ပုံ (PDF File) ဖြင့် ပူးတွဲ၍ Online E-submission မှတစ်ဆင့် လျှောက်ထားနိုင်သည်။

**စားသောက်ကုန် မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို အောက်ပါ အစားအသောက်လုပ်ငန်းများအနေဖြင့် လျှောက်ထားရယူနိုင်ပါသည်-

(၁) အမှတ်တံဆိပ်ကပ်ထားသော အသင့်ထုပ်ပိုးထားသည့် စားသောက်ကုန်များအားလုံး၊

(၂) ပြည်တွင်းအစားအသောက် ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိပြီးနောက် တိုးချဲ့လျှောက်ထားမည့် စားသောက်ကုန်များ (ယင်းစားသောက်ကုန်များအနေဖြင့် Manual

စနစ်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တိုးချဲ့ထုတ်လုပ်ခြင်း လျှောက်ထားပြီးပါက Food Product Code ကို လျှောက်ထားရယူရမည်ဖြစ်ပြီး ရရှိလာသည့် Product Code ကို ပြန်လည်တင်ပြရမည်ဖြစ်ပါသည်။)

**သီးခြားလျှောက်ထားရန်မလိုသော စားသောက်ကုန်များမှာ-**

(၁) E-submission မှတစ်ဆင့် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားမည့် စားသောက်ကုန်များ၊ သွင်းကုန်ထောက်ခံချက်လျှောက်ထားမည့် စားသောက်ကုန်များ၊

(၂) ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိပြီးသော စားသောက်ကုန်များနှင့် သွင်းကုန်ထောက်ခံချက် ရရှိပြီးသော စားသောက်ကုန်များ။

**စားသောက်ကုန် မှတ်တမ်းတင်ခြင်း (Food Product Notification)** လုပ်ငန်းစဉ်တွင် အစားအသောက်အမျိုးအစားအလိုက် မှတ်တမ်းတင်၍ Product Code ကို ထုတ်ပေးမည်ဖြစ်ပြီး အစားအသောက်၏ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြခွင့်ပြုမည်ဖြစ်သည်။ သွင်းကုန်ထောက်ခံချက်ရရှိထားပါက သွင်းကုန်ထောက်ခံချက်အမှတ်စဉ် (IR Product Code) နှင့် ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိပြီးပါက (Product Serial No.) တို့အား အသင့်ထုပ်ပိုးထားသော အစားအသောက်များ၏ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြရမည်။ အဆိုပါ Product Code ကို လက်ကိုင်ဖုန်းဖြင့် https://esubmission.fda.gov.mm/search-product တွင် Product Code စိစစ်၍ရသောနေရာ၌ အမှတ်စဉ်ရိုက်ထည့်ပါက လုပ်ငန်း၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များ၊ အစားအသောက်၏ အမှတ်တံဆိပ်၊ အမျိုးအစား၊ အလေးချိန်တို့အပြင် သွင်းကုန်ထောက်ခံချက် (IR) (သို့မဟုတ်) Product Registration (PR) ရယူထားခြင်း ရှိ/မရှိကိုပါ သိရှိနိုင်မည်ဖြစ်ပါသည်။

စားသောက်ကုန်လုပ်ငန်းများသည် **စားသောက်ကုန် မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို (၉-၅-၂၀၂၄) ရက်နေ့မှစ၍ FDA Website - www.fda.gov.mm ၏ e-Submission System, Food product notification မှတစ်ဆင့် e-Payment (Electronic Payment) - ၁၀၀၀၀ိ/- ကျပ်ဖြင့် ဝင်ရောက်၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန